+ ၂၀၀၅
ဇူလိုင်လ
၁၈ ရက်

# တရားမပြင်ဆင်မှု

## တရားရုံးချုပ်တရားသူကြီး ဦးခင်မြင့်ရွှေ့တွင်

## ဦးမြတ်ထွန်း (၎င်း၏ကိုယ်စားလှယ်ဦးရွှေကြည်)
## နှင့်
## ဒေါ်တင်အုန်း ( ၎င်း၏ကိုယ်စားလှယ်ဦးမင်းအေး)

ဇာရီမှုတွင် တရားနိုင်နှင့်တရားရှုံးတို့အကြား ဒီကရီ အတည်ပြုခြင်း နှင့်ပတ်သက်၍ ပေါ်ပေါက်သည့် ပြဿနာကိုအဆုံးအဖြတ် ပေးခြင်း၊ ယင်းအဆုံးအဖြတ် သည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇တွင် အကျုံး ဝင်သဖြင့် ယင်းဥပဒေပုဒ်မ ၂ (၂)အရ ဒီကရီ ဟုမှတ်ယူရခြင်း၊ အဆိုပါအမိန့်အပေါ် ပြင်ဆင်မှု တင်သွင်းခြင်းမှာ မှန်ကန်ခြင်းရှိမရှိ။

ဆုံးဖြတ်ချက်။ ။ဇာရီမှုတွင်တရားနိုင်နှင့် တရားရှုံးတို့အငြင်းပွား သည်မှာ တရားနိုင်ရရှိထားသည့် ဒီကရီကိုအတည်ပြုရာ၌ မည်သည့်မြေ အတိုင်းအတာကို အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ တရားနိုင် သို့လက်ရောက်ပေးအပ်ရမည်ဆိုသော အချက်ဖြစ်သည်။ ဤအချက်သည် ဒီကရီအတည်ပြုခြင်းနှင့် သက်ဆိုင်သောတရားနိုင်နှင့်တရားရှုံး တို့အကြားအငြင်းပွားမှုဖြစ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇တွင် အကျုံးဝင်သော ပြဿနာ ဖြစ်သည်မှာမြင်သာသော အချက်ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂) ပါ ပြဋ္ဌာန်းချက်အရ တရားမကျင့်ထုံး ဥပဒေပုဒ်မ

---

* ၂၀၀၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၇၈

\+ ၂၀၀၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၇၁တွင် ချမှတ်သော ၂၇-၁၂-၂၀၀၄ ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို လျှောက်ထားမှု

၄၇ အတွင်း ကျရောက်သော ပြဿနာအပေါ် ချမှတ်သည့်အမိန့်သည် ဒီကရီဖြစ်သည်။တရားမကျင့်ထုံးဥပဒေပုဒ်မ ၉၆အရ ဒီကရီကို အယူခံဝင်ရောက်ရမည်သာဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထားသူသည် မူလတိုင်းတရားရုံးက ဇာရီမှုတွင်ချမှတ်သည့် (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ကို ဤတရားရုံးချုပ်တွင် ပြင်ဆင်မှုဝင်ရောက်ခြင်းမှာ မှန်ကန်ခြင်းမရှိချေ။

အယူခံတရားလိုအတွက် - ဦးမောင်မောင်ကျော်လင်း
(တရားရုံးချုပ်ရှေ့နေ)
အယူခံတရားပြိုင်အတွက် - ဒေါ်အေးကြူ
(တရားရုံးချုပ်ရှေ့နေ)

ရန်ကုန်တိုင်းတရားရုံး ၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၇၁တွင် ဒေါ်တင်အုန်း (၎င်း၏ကိုယ်စားလှယ် ဦးမင်းအေး)က တရားရှုံး ဦးမြတ်ထွန်း (၎င်း၏ကိုယ်စားလှယ် ဦးရွှေကြည်) အပေါ် ရန်ကုန်တိုင်း တရားရုံး၂၀၀၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂၀တွင်ရရှိထားသည့် အနိုင်ဒီကရီကိုအတည်ပြုပေးရန် လျှောက်ထားသည်။ ဇာရီမှုတွင် တရားရှုံးပိုင်မြေကွက်ကြီးမှ ဖယ်ထုတ်ရမည့်မြေအစိတ်အပိုင်း၏ တည်နေရာကို သတ်မှတ်ပေးပါရန်တရားနိုင်၏လျှောက်ထားချက်အရ မူလတိုင်းတရားရုံးက (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ဖြင့် တည်နေရာ သတ်မှတ်ပေးခဲ့သည်။ အဆိုပါအမိန့်ကို တရားရှုံးဦးမြတ်ထွန်းက ကျေနပ်မှုမရှိသဖြင့် တရားရုံးချုပ်တွင် ဤတရားမပြင်ဆင်မှုကို တင်သွင်း သည်။

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅(ဘီ)၊ မြေကွက်အမှတ် ၃၂ အေ၊ ၃၃ ဘီ ဧရိယာ (၀. ၂၅၈) ဧက၊ ပေအားဖြင့်အနံ ၉၀ပေ၊ အလျား ၁၂၅ပေရှိ မြေကွက်နှင့် ယင်းမြေကွက်အပေါ် ရှိ နှစ်ထပ်တိုက်သည် မူလက ဦးမြတ်ထွန်း အမည်ပေါက်ပိုင်ဆိုင်သည့် ပစ္စည်းဖြစ်သည်။ ဦးမြတ်ထွန်း၏

သားနှင့်သားမက်များဖြစ်ကြသော ဦးသိဒ္ဓိ(ခ) ဦးဟယ်ရီထွန်းနှင့် ဦးကြည်ဆွေတို့က ဦးမြတ်ထွန်းမသိဘဲ ဦးမြတ်ထွန်းပိုင် အဆိုပါမြေကွက်ကြီးမှ ၄၆ပေ×၃၂ပေရှိမြေအစိတ် အပိုင်းကို ဒေါ်အေးအေးသွယ်အား (၂၈-၃-၉၅) နေ့စွဲပါ မှတ်ပုံတင် စာချုပ်ပြုလုပ်ရောင်းချခဲ့သည်။ ထို့နောက် ဦးမြတ်ထွန်းက အချင်းဖြစ် မြေကွက်ကြီးတစ်ခုလုံးနှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦတို့ကို (၃-၄-၉၇) နေ့တွင် ဒေါ်တင်အုန်းအား စရန်ပေးစာချုပ်ပြုလုပ် ရောင်းချခဲ့သည်။ နောက်ပိုင်းတွင် ဦးမြတ်ထွန်းသည် ဒေါ်တင်အုန်းမှ ကျန်ငွေပေးချေသည်ကို လက်ခံခြင်းမပြုသည့်ပြင်မြေနှင့် အဆောက်အဦ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးရန် ပျက်ကွက်သည်ဟု ဆိုကာ ဒေါ်တင်အုန်းက ဦးမြတ်ထွန်းအပေါ် ရန်ကုန်တိုင်းတရားရုံး ၂၀၀၁ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၂၀တွင် မြေနှင့် အဆောက်အဦအတွက် ကျန်ငွေကိုလက်ခံပြီး၊ တရားဝင်မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆို၍မြေနှင့် အဆောက်အဦလက်ရောက် ပေးအပ်စေလိုမှုစွဲဆိုသည်။ တိုင်းတရားရုံးကအချင်းဖြစ် မြေကွက်ကြီးမှ ဒေါ်အေးအေးသွယ် ဝယ်ယူပြီးဖြစ်သော ၄၆ပေ×၃၂ပေ မြေကွက်အစိတ်အပိုင်းကို ချန်လှပ် လျက်ကျန်မြေကွက်နှင့်အဆိုပါ မြေကွက်ပေါ်ရှိ အဆောက်အဦကို ဦးမြတ်ထွန်းမှ ဒေါ်တင်အုန်းသို့ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ပြုလုပ်ပေးအပ်ရန်၊ ဒေါ်တင်အုန်းမှ ဦးမြတ်ထွန်းသို့ပေးချေရန် ကျန်ငွေတွင် ၄၆ပေ×၃၂ပေအတွက် အချိုးကျ ကျသင့်ငွေကိုနုတ်၍ပေးချေရန် ဒီကရီချမှတ်ခဲ့သည်။ အဆိုပါဒီကရီကို အတည်ပြုဆောင်ရွက်ပေးရန် ဒေါ်တင်အုန်းက ဦးမြတ်ထွန်းအပေါ် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်သည့် အခါ ဒေါ်တင်အုန်းက ဒေါ်အေးအေးသွယ် ဝယ်ယူခဲ့သည့် ၄၆ပေ×၃၂ ပေ မြေကွက်၏တည်နေရာကို သတ်မှတ်ပေးပါရန် လျှောက်ထားသည်။ မူလတိုင်းတရားရုံးက ကော်မရှင်နာခန့်အပ်လျက် လိုအပ်သည့် စုံစမ်းမှု ပြုလုပ်ပြီးနောက် ဒေါ်အေးအေးသွယ်

၂၀၀၅
ဦးမြတ်ထွန်း
နှင့်
ဒေါ်တင်အုန်း

ဝယ်ယူခဲ့သည့် ၄၆ပေ×၃၂ပေ မြေကွက်သည် အရပ်မျက်နှာအားဖြင့် မြေကွက် ကြီး၏ အနောက်တောင် ဒေါင့်တွင် တည်ရှိပြီး မြေကွက်၏အလျား ၄၆ပေသည် အေးရိပ်သာ (၂)လမ်းသို့မျက်နှာ မူလျက်ရှိကြောင်း သတ်မှတ်သည့် အမိန့်ချမှတ်ခဲ့သည်။

ပြင်ဆင်မှုလျှောက်ထားသူ ဦးမြတ်ထွန်းက ဒေါ်အေးအေး သွယ်သို့ ရောင်းချခဲ့သည့် မြေကွက်တည်နေရာမှာ မူလမြေကွက် ကြီး၏ အနောက်မြောက်ဒေါင့်ဖြစ်ပါသည်ဟုတင်ပြသည်။ ထိုသို့တင်ပြသော်လည်း မည်သည့်အထောက်အထားအရ ဖြစ်သည်ဆိုခြင်းကိုမူ တင်ပြနိုင်ခြင်း မရှိချေ။

မူလမြေကွက်ကြီးသည် အေးရိပ်သာ (၁)လမ်းနှင့် အေးရိပ်သာ (၂)လမ်း အကြားတွင်တည်ရှိသည်။ အေးရိပ်သာ (၁)လမ်းသည် မြေကွက်ကြီး၏ အရှေ့ဘက်အရပ်တွင်ရှိသည့် လမ်းဖြစ်သည်။ အဆိုပါမြေကွက် ကြီးရှိ နေအိမ်အဆောက်အဦသည် အေးရိပ်သာ (၁)လမ်းဘက်မျက်နှာ မူလျက်ရှိသည်။ ဤအချက်များမှာ မူလမှုတွင်အငြင်းမပွားသော အချက် များဖြစ်သည်။

ဒေါ်အေးအေးသွယ်အမည်ဖြင့် ၄၆ပေ×၃၂ပေရှိ မြေ အစိတ်အပိုင်းကိုဝယ်ယူသည့်စာချုပ်ကို သက်သေခံ(က)အဖြစ်ဇာရီ မှုတွင် တင်ပြထားသည်။ ယင်းစာချုပ်ကို စိစစ်ကြည့်ရှုရာ ဒေါ်အေးအေးသွယ် ဝယ်ယူသည့် မြေအစိတ်အပိုင်းသည် မြေကွက်ကြီး၏ အနောက်ဘက်အခြမ်းဖြစ်ကြောင်း၊ ယင်းမြေ အစိတ်အပိုင်းသို့ ဝင်ထွက်ရန် မြေကွက်ကြီး၏ တောင်အရပ်ဘက် အခြမ်း၌ ၁၀ပေအကျယ်ကားလမ်း ချန်လှပ်ပေးကြောင်း ဖော်ပြ ပါရှိသည်။ ယင်းစာချုပ်ပါ ဖော်ပြချက်အရ ဆိုပါက ဒေါ်အေးအေးသွယ်ဝယ်ယူသည့်မြေ အစိတ်အပိုင်းမှာ မူလ မြေကွက်ကြီး၏အနောက်တောင်ဘက်ဒေါင့်ဖြစ်သည်ဟုမူလ တိုင်းတရားရုံး၏ ကောက်ယူဆုံးဖြတ်ချက်သည် မှားယွင်းရန် အကြောင်းမရှိချေ။

ဤစီရင်ချက်ကိုအဆုံးမသတ်မီဖော်ပြလိုသည့်အချက်မှာ ဇာရီမှုတွင် ချမှတ်သည့် (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ကို တရားရုံးချုပ်တွင် ပြင်ဆင်မှုဝင်ရောက်ခွင့်ရှိမရှိဖြစ်သည်။

ဇာရီမှုတွင်တရားနိုင်နှင့်တရားရှုံးတို့အငြင်းပွားသည်မှာ တရားနိုင် ရရှိထားသည့် ဒီကရီကိုအတည်ပြုရာ၌ မည်သည့် မြေအတိုင်းအတာကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို၍ တရား နိုင်သို့ လက်ရောက်ပေးအပ်ရမည် ဆိုသောအချက်ဖြစ်သည်။ ဤအချက် သည် ဒီကရီ အတည်ပြုခြင်းနှင့်သက်ဆိုင်သော တရားနိုင်နှင့်တရားရှုံးတို့ အကြား အငြင်းပွားမှုဖြစ်၍ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇တွင် အကျုံးဝင်သော ပြဿနာဖြစ်သည်မှာ မြင်သာသောအချက်ဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ၂ (၂) ပါပြဋ္ဌာန်းချက်အရ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၄၇ အတွင်းကျရောက်သော ပြဿနာအပေါ် ချမှတ်သည့် အမိန့်သည် ဒီကရီဖြစ်သည်။ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၉၆အရ ဒီကရီကိုအယူခံဝင်ရောက်ရမည်သာဖြစ်သည်။ သို့ဖြစ်၍ လျှောက်ထား သူသည် မူလတိုင်း တရားရုံးက ဇာရီမှုတွင်ချမှတ်သည့် (၂၇-၁၂-၂၀၀၄) နေ့စွဲပါအမိန့်ကို ဤတရားရုံးချုပ်တွင် ပြင်ဆင်မှုဝင်ရောက်ခြင်းမှာ မှန်ကန်ခြင်းမရှိချေ။

အထက်ပါအကြောင်းအချက်များအရ မူလတိုင်းတရားရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိချေ။

ထို့ကြောင့် မူလတိုင်းတရားရုံး၏ အမိန့်ကိုအတည်ပြု၍ ဤပြင် ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ငွေကျပ် ၁၀၀/-သတ်မှတ်သည်။